Brand▪Building Packaging™

# CROWN လူ့အခွင့်အရေးမူဝါဒ

**CROWN သည် ကျင့်ဝတ်၊ ဝန်ထမ်းများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ အမြင့်ဆုံးစံနှုန်းများကို ထိန်းသိမ်းရန် ရည်ရွယ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝန်ထမ်းများ[1] အားလုံး၏ အခြေခံ လူ့အခွင့် အရေးများကို လေးစားကာ လိုအပ်ပါက ကာကွယ်ပေးပြီး ကျွန်ုပ်တို့၏ သက်ဆိုင်သူများက မည်သည့်နေရာ တွင်ပင်ရှိနေပါစေ အားလုံး၏ အခြေခံလူ့အခွင့်အရေးများ လုံခြုံစေရန် ကြိုးပမ်း ဆောင်ရွက်ပါသည်။**



1| ဤမူဝါဒတွင်အသုံးပြုထားသည့်အတိုင်း၊ "ဝန်ထမ်း" ဟူသောအသုံးအနှုန်းသည် အမြဲတမ်းနှင့် ယာယီဝန်ထမ်းများနှင့် သက်ဆိုင်ပါသည်။

2| Crown ၏ တဆင့်ခံထုပ်ပိုးမှုဌာန (Signode) တွင် ထိုဌာနမှ ချမှတ်ထားသော အပြိုင်လူ့အခွင့်အရေးမူဝါဒတစ်ခု ရှိသည်။ သယ်ယူပို့ဆောင်ရေးထုပ်ပိုးမှုဆိုင်ရာဌာနခွဲများမူဝါဒကိုကြည့်ရှုရန်၊ ကျေးဇူးပြု၍ ဤနေရာသို့သွားပါ။.

ဤနေရာတွင်ဖော်ပြထားသည့်အခြေခံမူများကို UN Universal Declaration of Human Rights (ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း)၊ International Labour Organization (နိုင်ငံတကာ အလုပ် သမားရေးရာအဖွဲ့) (ILO)၊ United Nations Global Compact Guiding Principles (ကုလသမဂ္ဂ ကမ္ဘာလုံးဆို င်ရာ သဘောတူညီချက် ဖြင့်ဖော်ဆောင်ထားသော လမ်းညွှန်မှုများ) ထံမှ အခြေခံမူလေးချက် နှင့် လုပ်ငန်းခွင်အခွင့်အရေးများ၊ ကျွန်ုပ်တို့လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံတစ်ခုစီရှိ အမျိုးသားဥပဒေ နှင့် အညီ ချမှတ်ထားကြောင်း အသိပေး အကြောင်းကြား ထားပါသည်။

CROWN ၏လူ့အခွင့်အရေးမူဝါဒသည် CROWN ၏ဝန်ထမ်းများ၊ ဒါရိုက်တာများနှင့် အရာရှိများနှင့် ကမ္ဘာတစ်ဝှမ်းရှိ ၎င်း၏လုပ်ငန်းခွဲများအားလုံးအတွက် အကျုံးဝင်သက်ဆိုင်ပါသည်။[2] ၎င်း၏ ရည်ရွယ်ချက်မှာ အထက်ဖော်ပြပါ ရည်မှန်းချက်များ အထမြောက်အောင်မြင်စေရေး CROWN စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းများကို လမ်းညွှန်ပေးရန် နှင့် ပံ့ပိုးကူညီရန် ဖြစ်ပါသည်။ ထို့အပြင်၊ CROWN ၏ ဥပစာတွင် အလုပ်လုပ်သော ပြင်ပ တစ်ဆင့်ခံ ကန်ထရိုက်တာများအနေဖြင့်လည်း ဤမူဝါဒကို လိုက်နာရပါမည်။

ကျွန်ုပ်တို့၏တာဝန်ဝတ္တရားများတွင် ကျွန်ုပ်တို့လုပ်ငန်း လည်ပတ်နေသည့်နိုင်ငံများရှိ ကျွန်ုပ်တို့၏ လုပ်ငန်း လည်ပတ်သည့်နေရာများနှင့် ရုံးများပါဝင်သည်။ နိုင်ငံအများစုတွင် ဝန်ထမ်းအခွင့် အရေးများကို ဒေသဆိုင်ရာ ဥပဒေများဖြင့် လုံလောက်လျှောက်ပတ်စွာ စည်းကြပ် လွှမ်းခြုံထားသည်။ ဤနိုင်ငံများတွင် ကျွန်ုပ်တို့၏ မဟာဗျူဟာ မျှော်မှန်းချက်နှင့်အညီ ဝန်ထမ်းလူ့အခွင့်အရေးအတွက် ပိုမိုမြင့်မားသော စံနှုန်းများချမှတ်ရန် ကျွန်ုပ်တို့ ကြိုးစားအားထုတ်လေ့ ရှိပါသည်။ Crown ၏ လုပ်ငန်းစဉ်ကျင့်ဝတ်မူဝါဒအား အသိပေးသည့် အခြေခံ လူ့အခွင့်အရေးမူများအတွက် ဥပဒေပြဋ္ဌာန်းခြင်းမပြုသော နိုင်ငံများ၌ မူဝါဒများသည် ဒေသဆိုင်ရာ ယဉ်ကျေးမှု၊ အခြေအနေများနှင့် စည်းမျဉ်းများအား ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း အသိအမှတ်ပြု ထားသလို တစ်ဖက်တွင်လည်း ကျွန်ုပ်တို့၏ လုပ်ငန်းများ၌ တပြေးညီ ဝန်ထမ်း အကာအကွယ် ပေးရေးကို လုပ်ဆောင် နိုင်သဖြင့် လုပ်ငန်းဆောင်ရွက်သည့်နေရာတိုင်းတွင်လည်း အလားတူကဲ့သို့ ပြုလုပ်ရန် ရည်မှန်း ထားပါသည်။ အမျိုးသားဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများ ကွဲပြားကွာခြားပါက၊ ကျွန်ုပ်တို့သည် ပိုမိုမြင့်မားသော စံနှုန်းများကို လိုက်နာဆောင်ရွက်ရန် တရားဝင်သည့်အတိုင်းအတာအထိ အမြင့်ဆုံးစံနှုန်း အတိုင်း လုပ်ဆောင်မည်ဖြစ်၍ ဥပဒေများ မတူညီဆန့်ကျင်နေသည့်နေရာများတွင် ကျွန်ုပ်တို့သည် အမျိုးသားဥပဒေကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်သလို တစ်ဖက်တွင်လည်း ကျွန်ုပ်တို့၏ မဟာဗျူဟာ မျှော်မှန်းချက်နှင့်အညီ ဝန်ထမ်းများ၏ လူ့အခွင့်အရေးကို လေးစားလိုက်နာရန် နည်းလမ်းများကို ရှာဖွေသွားပါမည်။

CROWN သည် အထက်ဖော်ပြပါ စည်းကမ်းလိုက်နာမှုလုပ်ငန်းစဉ်များအား ၎င်းနှင့်ဆက်စပ်သော ပြင်ပ ကုမ္ပဏီများ နှင့် ပေးသွင်းသူများ ထံ ၎င်း၏ Supplier Code of Conduct မှ တစ်ဆင့် အသိပေးနိုးဆော် ပါသည်။ ၎င်းသည် ယင်းတို့အား ဤမူဝါဒတွင် ဖော်ပြထားသည့် စည်းမျဉ်းများ၏ အခြေခံမူဝါဒများအား လိုက်နာရန် တိုက်တွန်းနိုးဆော်ပါသည်။ အမျိုးသားဥပဒေများ သို့မဟုတ် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်း များအား ဖောက်ဖျက် ခြင်း နှင့် သွယ်ဝိုက်သောအကျိုးခံစားခွင့် များအား ရှောင်ရှားရန် ကျွန်ုပ်တို့၏ အဓိက ကုန်ကြမ်းများနှင့်အဓိကဝန် ဆောင်မှုပေးသွင်းသူများနှင့်အတူ လုပ်ငန်းစဉ်များအား အောင်မြင်စေရန် ကြိုးပန်း၍ အကောင်အထည်ဖော်မည်ဟု ကျွန်ုပ်ကတိပြုပါသည်။

CROWN အနေဖြင့် ၎င်း၏ ဖြစ်တည်ရှိမှုက ၎င်းလုပ်ငန်း လုပ်ဆောင်နေသော လူ့အဖွဲ့အစည်းများအပေါ် သက်ရောက်မှုရှိကြောင်း အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် ဒေသအလိုက် သက်ဆိုင်ရာ အစပျိုးမှု များမှ တစ်ဆင့် ကျွန်ုပ်တို့လုပ်ငန်း ဆောင်ရွက်နေသည့် ရပ်ရွာများတွင် စီးပွားရေး အခွင့်အလမ်းများ ဖန်တီး ရန်နှင့် စိတ်ရင်း စေတနာကောင်းထားရန် ကတိပြုပါသည်။ CROWN သည် လူ့အခွင့်အရေးဆိုင်ရာ သေချာ စိစစ် ဆောင်ရွက်ခြင်းနှင့် ကြိုတင်ကာကွယ်မှုဆိုင်ရာ လုပ်ငန်းစဉ်များမှတစ်ဆင့် ကျွန်ုပ်တို့၏ လုပ်ငန်း ဆောင်ရွက်မှု များကြောင့် ဖြစ်ပေါ်လာသော ဆိုးရွားသောလူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများကို ဖော်ထုတ် ရန်၊ တားဆီးရန် နှင့် လျော့ပါးစေရန် လုပ်ဆောင်ပါသည်။

ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းရှိ လူထုအတွက် စည်သွတ်ဘူး အစားများ စဉ်ဆက်မပြတ်ထောက်ပံ့ပေး သော အစားအစာနှင့် အဖျော်ယမကာလုပ်ငန်း ထောက်ပံ့ရေး လုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ အာဟာရရှိသော အစားအစာနှင့် အဖျော် ယမကာများအတွက် အထိရောက်ဆုံး ကာကွယ်မှုပေးသည့် ကုန် သေတ္တာများနှင့် ဗူးများ ထုတ်လုပ်ခြင်းအပြင်၊ ကျွန်ုပ်တို့သည် သန့်ရှင်းရေးနှင့် ပိုးမွှားသန့်စင်ရေး ထုတ်ကုန် များအတွက် aerosol ကွန်တိန်နာများ၊ဗူးများ၊ ကုန်ပစ္စည်း အတင်အချ အတွင်း ကုန်ပစ္စည်းများ လုံခြုံဘေး ကင်းစွာ သယ်ယူပို့ဆောင်ရေး အတွက် ပံ့ပိုးပေးသည့် အခြားထုတ်ကုန် များစွာကိုလည်း ထုတ်လုပ်ပါသည်။ ကျွန်ုပ်တို့၏ဖောက်သည်များနှင့် စားသုံးသူများအတွက် ပံ့ပိုးမှုစနစ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ရသည့်အတွက် ကျွန်ုပ်တို့ ဂုဏ်ယူပါသည်။



# မာတိကာ


ဘေးကင်းသောလုပ်ငန်းခွင်အခြေအနေများသည် အဓိက/ပဓာန အကျဆုံးဖြစ်သည် ____ 3

အလုပ်အကိုင်ရရှိမှုကို လွတ်လပ်စွာရွေးချယ်ခြင်း ____ 3

ကလေးအလုပ်သမား အသုံးမပြုရ ____ 3

လွတ်လပ်စွာ အသင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းပိုင်ခွင့်ကို လေးစားလိုက်နာပါသည် ____ 4

ပုံမှန် အလုပ်အကိုင်ပံ့ပိုးပေးအပ်ခြင်း ____ 4

အလုပ်ချိန်နာရီမှာ အလွန်အကျွံမများပါ ____ 4

ကျွန်ုပ်တို့၏လုပ်ခလစာသည် ဈေးကွက်တောင်းဆိုမှုများနှင့်အညီ ဖြေရှင်းပေးသည် ____ 4

တန်းတူ အခွင့်အရေးပေးခြင်း ____ 5

ဒေသခံလူထုနှင့် ပွင့်လင်းသော တွေ့ဆုံဆွေးနွေးရေးကို ထောက်ခံအားပေးပါသည် ____ 5

ခွဲခြားဆက်ဆံခြင်းကို ခွင့်မပြုပါ ____ 5

ပဋိပက္ခတွင်းထွက်ပစ္စည်းများ အသုံးပြုခြင်းကို ရှောင်ကြဉ်သည် ____ 6

အခွင့်အရေးများနှင့် တာဝန်ခံမှုများ ____ 6

မူဝါဒ ချိုးဖောက်ခြင်း၏ အကျိုးဆက်များ ____ 7

ပြန်လည်သုံးသပ်ခြင်းနှင့် စောင့်ကြည့်ခြင်း ____ 7

## ဘေးကင်းသောလုပ်ငန်းခွင် အခြေအနေများသည် အဓိက/ ပဓာန အကျဆုံးဖြစ်သည်

ကျန်းမာရေး၊ ဘေးကင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏ ရေရှည်မျှော်မှန်းချက်မှာ- လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ၊ လူကို မထိခိုက်စေရန်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ဝန်ထမ်းများ၊ ပြင်ပတစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် ရောင်းချပေးသွင်းသူများ၏ ဘေးကင်းရေးနှင့် ကျန်းမာရေးသည် အရေးကြီးဆုံးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဆက်စပ်လွှမ်းခြုံသော အဓိကရည်မှန်းချက်မှာ ၎င်းတို့အား ဘေးအန္တရာယ်မှကာကွယ်ရန်နှင့် ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်သည့်နေရာများနှင့် ကျွန်ုပ်တို့၏ ရုံးများတွင် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှု ရှိစေရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် ရေရှည်တည်မြဲသော သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးကင်းရေး ဆိုင်ရာ အလေ့အကျင့်များကို အသုံးပြုပြီး ကျွန်ုပ်တို့လုပ်ဆောင်နေသည့် နိုင်ငံများရှိ သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့် ကုမ္ပဏီစံချိန်စံညွှန်းအားလုံးကို လိုက်နာဆောင်ရွက်သွားရန် ကတိပြုပါသည်။ ၎င်းကို ကျွန်ုပ်တို့၏ Health and Safety Policies and Procedures (ကျန်းမာရေးနှင့် ဘေးကင်းရေးမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ) ဖြင့် အားဖြည့်၍ လုပ်ဆောင်ထားပါသည်။

ကျွန်ုပ်တို့၏ဝန်ထမ်းများအနေဖြင့် ၎င်းတို့ကိုယ်တိုင်ဘေးကင်းရေးနှင့် ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်များ ဘေးကင်း လုံခြုံရေးတွင် ၎င်းတို့ပါဝင်နေသော အရေးကြီးအခန်းကဏ္ဍအကြောင်း သေချာနားလည်စေရန် ကျွန်ုပ်တို့က အဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်သည့်နေရာများနှင့် ရုံးများတွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ပိုမိုကောင်းမွန်လာစေရန် ၎င်းတို့နှင့် စဉ်ဆက်မပြတ် ထိတွေ့လုပ်ဆောင်သွားရန် ကတိပြုပါသည်။

တည်းခိုနေထိုင်ရေး နှင့်/သို့မဟုတ် စားသောက်ရေးဆိုင်ရာ အထောက်အကူပစ္စည်းများကို ပံ့ပိုးပေးရာ၌၊ ဥပစာ အဆောက်အအုံများမှာ ဘေးကင်းလုံခြုံပြီး သန့်ရှင်းသပ်ရပ်စွာ ထားရှိပြီး အများသုံး အပန်းဖြေနေရာများနှင့် အထောက်အကူပစ္စည်းများထားရှိရေး လိုအပ်ချက်များအပါအဝင် ကျွန်ုပ်တို့ဝန်ထမ်းများ၏ အခြေခံ လူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တောင်းဆိုပါသည်။

## အလုပ်အကိုင်ရရှိမှုကို လွတ်လပ်စွာရွေးချယ်ခြင်း

ဝန်ထမ်းများအား ၎င်းတို့၏ဆန္ဒကို ဆန့်ကျင်ပြီး တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ကျွန်ုပ်တို့ အတွက် အလုပ်လုပ်ရန် အတင်းအကျပ်ခိုင်းစေခြင်းမျိုး ကျွန်ုပ်တို့ မည်သည့်အခါမျှ လုပ်ဆောင်မည် မဟုတ် သလို အဓမ္မခိုင်းစေခြင်းအားလျစ်လျူရှုနေကြောင်း သိရှိထားသော အဖွဲ့အစည်းတစ်ခုခုထံမှ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

CROWN's Modern Slavery Statement (ခေတ်သစ်ကျွန်ပြုခြင်းဆိုင်ရာ ထုတ်ပြန်ချက်) ကို ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်တွင် လွှင့်တင်ထားပါသည်။ ဤထုတ်ပြန်ချက်သည် UK Modern Slavery Act 2015 (ခေတ်သစ် ကျွန်ပြုခြင်း ဥပဒေ) အပါအဝင် ဤကိစ္စနှင့် ပတ်သက်ပြီး အမျိုးသား၊ ပြည်နယ်နှင့် ဒေသန္တရဥပဒေများနှင့် ကိုက်ညီမှု ရှိပါသည်။ ဤထုတ်ပြန်ချက်သည် ကျွန်ုပ်တို့၏လုပ်ငန်းဆောင်တာများနှင့် ထောက်ပံ့ရေး ကွင်းဆက်များတွင် လူကုန်ကူးမှု၊ ခေတ်သစ်ကျွန်ပြုမှုပုံစံအားလုံး မဖြစ်ပွားကြောင်း သေချာစေရန် CROWN မှ ဆောင်ရွက်သော အချက်များကို ဖော်ပြထားပါသည်။

## ကလေးအလုပ်သမား အသုံးမပြုရ

ကျွန်ုပ်တို့သည် ကလေးအလုပ်သမား (ILO အလုပ်သမား စံနှုန်းများအတိုင်း)ကို မည်သည့်အခါမျှ ခေါ်ယူမှာ မဟုတ်သလို၊ ထိုသို့သော ကျင့်သုံးမှုအားလျစ်လျူရှုနေကြောင်း သိရှိထားသော အဖွဲ့အစည်းတစ်ခုခုထံမှ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းများ ပြုလုပ်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်မှုတွင် ညဆိုင်း အလုပ် သို့မဟုတ် အန္တရာယ်ရှိသောအခြေအနေများတွင်လုပ်ရသောအလုပ်တို့၌ အသက် 18 နှစ်အောက် ဝန်ထမ်းများကို မည်သည့်အခါမျှ အလုပ်မခန့်ပါ။

ကျွန်ုပ်တို့၏ Supplier Code of Conduct မှတဆင့်၊ CROWN သည် ပြင်ပတစ်ဆင့်ခံ ကန်ထရိုက်တာများ၊ ပေးသွင်းသူများနှင့်အတူ တရားဝင်အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အောက်တွင်မရှိသော ကလေးလုပ်သား အသုံးပြုမှုမှန်သမျှကို တားဆီးတားမြစ်ရန် လုပ်ဆောင်ပါသည်။



Family day, Kechnec, Slovakia



## လွတ်လပ်စွာ အသင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းညှိနှိုင်းပိုင်ခွင့်ကို လေးစားလိုက်နာပါသည်

အလုပ်သမားသမဂ္ဂများဖွဲ့စည်းရေးနှင့် စုပေါင်းညှိနှိုင်းရေးနှင့်ဆက်စပ်၍ပြီး ကျွန်ုပ်တို့၏ဝန်ထမ်းများ၏ အခွင့် အရေးများကို လေးစားပါသည်။ ကျွန်ုပ်တို့သည် အလုပ်သမားသမဂ္ဂများတွင် မပါဝင်လိုသော ကျွန်ုပ်တို့ ဝန်ထမ်းများ၏ အခွင့်အရေးကိုလည်း တန်းတူရည်တူလေးစားပြီး ၎င်းတို့အား ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက် ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းမဖြစ်အောင် အလားတူကာကွယ်ပေးပါမည်။

နိုင်ငံတော်ဥပဒေတွင် ဝန်ထမ်းကိုယ်စားလှယ်များ၏အခွင့်အရေးများ ပြဋ္ဌာန်းထားရာ၌ ကျွန်ုပ်တို့သည် ဥပဒေကို လေးစားလိုက်နာပြီး ၎င်းတို့နှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများအား ဆက်လက် ထိန်းသိမ်းထားရန် ကတိပြုပါသည်။ သင့်လျော်သော နိုင်ငံတော် ဥပဒေဘောင်များအတွင်း CROWN သည် ၎င်းဝန်ထမ်းများမှ ရွေးချယ်ထားသော ကိုယ်စားလှယ်များနှင့် စိတ်ရင်းစေတနာမှန်ဖြင့် ဆွေးနွေး ညှိနှိုင်းရန် ကတိပြုပါသည်။

## ပုံမှန် အလုပ်အကိုင်ပံ့ပိုးပေးအပ်ခြင်း

ကျွန်ုပ်တို့၏ဝန်ထမ်းများအားလုံးသည် ၎င်းတို့၏လုပ်ငန်းခွင်စာချုပ်များ၊ လုပ်ငန်းအခြေအနေများ သို့မဟုတ် စုပေါင်းသဘောတူညီချက်များတွင် သတ်မှတ်ထားသည့် ပုံမှန်ပုံစံ သို့မဟုတ် ပုံစံများအတိုင်း အလုပ်လုပ်ကြပါသည်။

## အလုပ်ချိန်နာရီမှာ အလွန်အကျွံမများပါ

အခြေခံအလုပ်လုပ်ချိန်နှင့် အချိန်ပိုအလုပ်ချိန်များသည် တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့် စုပေါင်းညှိနှိုင်းမှု သဘော တူညီချက်များကို လိုက်နာပြီး နိုင်ငံတကာအလုပ်သမားစံနှုန်းများအပေါ် အခြေခံထားသည်။

ကိစ္စရပ်တိုင်းတွင် သင့်လျော်သော အချိန်ပိုနှုန်းထားများကို ပေးဆောင်ပါသည်။ ကျွန်ုပ်တို့သည် အလုပ် သမားများအား အလုပ်ချိန်နာရီနှင့် ပတ်သက်လာပါက ခေါင်းပုံဖြတ်ခံရခြင်းမှ ကာကွယ်ရန် ရည်ရွယ်ထားသော တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာပါသည်။

## ကျွန်ုပ်တို့၏လုပ်ခလစာသည် ဈေးကွက်တောင်းဆိုမှုများနှင့် အညီ ဖြေရှင်းပေးသည်

နေရာအများစုတွင် ဈေးကွက်သည် တရားဝင်အနိမ့်ဆုံးလုပ်ခလစာအဆင့်ကို သတ်မှတ်ပေးကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ သို့ရာတွင်၊ ကိစ္စရပ်တိုင်းတွင် သက်ဆိုင်သည့် စုပေါင်း ညှိနှိုင်းမှု သဘောတူ ညီချက်များမှတစ်ဆင့် ပေးဆောင်သည့် အခကြေးငွေသည် အနည်းဆုံးလုပ်ခလစာ ဥပဒေ သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း သို့မဟုတ် ကျော်လွန်ကြောင်း သေချာစေရန် ကျွန်ုပ်တို့ ကတိပြုပါသည်။

ဝန်ထမ်းများသည် အလုပ်မဝင်မီနှင့် အလုပ်လုပ်ကိုင်နေစဉ်အချိန်အတွင်း ၎င်းတို့၏လုပ်ခလစာနှင့် ခံစားခွင့်များကို နားလည် စေရန် ကျွန်ုပ်တို့ သေချာဆောင်ရွက်ပါသည်။ စည်းကမ်းချက်များအရ အရေးယူမှုဆိုင်ရာ အကြောင်း ပြချက်များဖြင့် လုပ်အားခများနှုတ်ယူရာတွင် (အလုပ်ဆင်းထားသည့် နာရီများအတွက်) နုတ်ယူခြင်းကို ခွင့်မပြုပါ။







## ခွဲခြားဆက်ဆံခြင်းကို ခွင့်မပြုပါ

CROWN သည် ဝန်ထမ်းများနှင့် ပြင်ပမှ ကန်ထရိုက်တာများအားလုံးကို တရားမျှတမှု၊ လေးစားမှုနှင့် ဂုဏ်သိက္ခာရှိစွာ ဆက်ဆံပါသည်။ CROWN သည် လူမျိုး၊ အသားအရောင်၊ လိင်၊ ကျား- မ၊ နိုင်ငံသား သို့မဟုတ် လူမှုရေးဇစ်မြစ်၊ မျိုးရိုး၊ နိုင်ငံသား၊ နိုင်ငံသားဖြစ်မှု၊ ကိုးကွယ်မှုဘာသာ၊ အသက်၊ လိင်ပိုင်းဆိုင်ရာ ခံယူချက် ခွဲခြားမှု သို့မဟုတ် ဖော်ပြချက်၊ လိင်စိတ်တိမ်းညွတ်မှု ခံယူချက်၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု၊ နိုင်ငံရေးအမြင် သို့မဟုတ် တည်ဆဲဥပဒေက သတ်မှတ်ထားသည့် အခြားဝိသေသတစ်ခုခု အပေါ် အခြေခံ၍ ဥပဒေမဲ့ ခွဲခြားဆက်ဆံမှု ပုံစံအားလုံးမှ ကင်းစင်သော အလုပ်ပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် ကတိပြု ဆုံးဖြတ်ထားသည်။

ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် နှုတ်ပိုင်းဆိုင်ရာဖြင့်ဖြစ်စေ၊ အခြားသောစော်ကားမှု သို့မဟုတ် မည်သည့်သို့သော နှောင့်ယှက်မှုပုံစံမျိုး ကိုမဆို ကျွန်ုပ်တို့ သည်းမခံနိုင်ပါ။ ၎င်းတွင် ရိုင်းစိုင်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းဟု ကျိုးကြောင်း ဆီလျော်စွာ ယူဆနိုင်သော လုပ်ဆောင်မှုများ ပါဝင်သည်။

ကျွန်ုပ်တို့နှင့်အတူ လက်တွဲလုပ်ကိုင်သူများအနေဖြင့် ကျွန်ုပ်တို့၏တရားမျှတမှုနှင့် တန်းတူအခွင့်အရေးဖြင့် ကျွန်ုပ်တို့၏အသင်းအဖွဲ့ ယဉ်ကျေးမှုနှင့်အညီ ပြုမူလုပ်ဆောင်ရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

အထက်ဖော်ပြပါ အခြေခံများမှ မည်သည့်အလုပ်အတွက်မဆို လျှောက်ထားသူများကို ခွဲခြား ဆက်ဆံခြင်း မပြုရန်မှာလည်း CROWN ၏မူဝါဒဖြစ်ပါသည်။

## တန်းတူ အခွင့်အရေးပေးခြင်း

ကျွန်ုပ်တို့သည် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းဖြစ်စေ မိမိတို့ဝန်ထမ်းများ၏ အားဖြည့်ပါဝင်ကူညီမှုကို တန်ဖိုးထား ၍အားပေးပါသည်။ မတူကွဲပြားပြီး လုပ်သားအင်အားနှင့် အားလုံးပါဝင်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်သည် ကျွန်ုပ်တို့၏လုပ်ငန်း၊ ကျွန်ုပ်တို့၏အဖွဲ့အစည်းနှင့် ကျွန်ုပ်တို့၏လူများကို အကျိုးပြုသည်ဟု ကျွန်ုပ်တို့ ယုံကြည် ပါသည်။

သို့ဖြစ်ရာ CROWN သည် လူတစ်ဦးချင်းစီအား အလုပ်ခန့်အပ်ခြင်း၊ ကိုယ်ရည်ကိုယ်သွေးဖော်ဆောင်ပေးခြင်း၊ လုပ်အားခပေးခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်အား ရာထူးပေးတိုးခြင်း၊ အလုပ်မှ ရပ်စဲခြင်း သို့မဟုတ် အငြိမ်းစားယူခြင်းအတွက် ထည့်သွင်းစဉ်းစားသည့်အခါ ခွဲခြားဆက်ဆံမှုမပြုဘဲ တန်းတူညီမျှအခွင့်အရေးများ ပေးဆောင်ရန် ကတိပြုပါသည်။ CROWN ၏ ဆုံးဖြတ်ချက်များသည် အရည်အချင်းများ၊ ကျွမ်းကျင်မှုများ၊ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများအပေါ်တွင် မူတည်ပါသည်။

## ဒေသခံလူထုနှင့် ပွင့်လင်းသော တွေ့ဆုံဆွေးနွေးရေးကို ထောက်ခံအားပေးပါသည်

CROWN သည် ဒေသခံလူထုများနှင့် ပွင့်လင်းသော ဆွေးနွေးမှုတစ်ရပ်ကို ဖော်ဆောင်ရန် ကြိုးပမ်းနေပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကြောင့် ဒေသခံအသိုင်းအဝိုင်းရှိလူများကို ထိခိုက်နိုင်သည့်အခါ၊ ကျွန်ုပ်တို့သည် ဆိုးရွားသောလူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများကို ဖော်ထုတ်ရန်နှင့် ၎င်းတို့ကို ရှောင်ရှားရန်နှင့်/ သို့မဟုတ် လျော့ပါးစေရန် သင့်လျော်သောခြေလှမ်းများကို လုပ်ဆောင်ပါသည်။ ယင်းကို ပံ့ပိုးရန်၊ ကျွန်ုပ်တို့သည် ဒေသဆိုင်ရာ သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် ရပ်ရွာတိုင်ကြားချက်များကို လက်ခံခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းစဉ်များ စီမံခန့်ခွဲခြင်းနှင့် ဆက်စပ်ပြီး ကျွန်ုပ်တို့၏ လုပ်ငန်းများကို လမ်းညွှန်ပေးပါသည်။

CROWN သည် သက်ဆိုင်ရာဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများဖြင့် သတ်မှတ်ထားသည့် ဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးများကို လေးစားပါသည်။








## ပဋိပက္ခတွင်းထွက်ပစ္စည်းများ အသုံးပြုခြင်းကို ရှောင်ကြဉ်သည်

တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ပြီး လုပ်ဆောင်ရမည့်အခါ လူ့အခွင့်အရေးမြှင့်တင်ရန် ကြိုးပမ်းမှုတွင် CROWN သည် Conflict Minerals Policy (ပဋိပက္ခတွင်းထွက်ပစ္စည်းများ မူဝါဒ) တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ဤမူဝါဒနှင့်အညီ၊ ကုမ္ပဏီသည် ၎င်း၏ထုတ်ကုန်များထုတ်လုပ်ရာတွင် ပဋိပက္ခတွင်းထွက် ပစ္စည်းများအသုံးပြုခြင်းကို ရှောင်ရှားရန် ရည်ရွယ်ပြီး ကုမ္ပဏီသည်၎င်း၏အစီရင်ခံခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာရန် ကတိပြုပါသည်။

## အခွင့်အရေးများနှင့် တာဝန်ခံမှုများ

ကုမ္ပဏီအကြီးတန်း အမှုဆောင်အရာရှိများသည် ဤမူဝါဒကို ထောက်ခံအားပေးပြီး ကျွန်ုပ်တို့၏ လုပ်ငန်း နေရာအားလုံးတွင် ၎င်းမူဝါဒများကို မြှင့်တင်ရန် တာဝန်ရှိပါသည်။ အကြီးတန်းအမှုဆောင်အရာရှိများသည် CROWN ၏ဒါရိုက်တာဘုတ်အဖွဲ့အား ဤမူဝါဒနှင့် ပတ်သက်သည့် လိုက်နာမှု ဘေးအန္တရာယ်များဆိုင်ရာ အဓိက အချက်ကို အနည်းဆုံး နှစ်စဉ်အကြောင်းကြားပါ။

CROWN သည် ဝန်ထမ်းများနှင့် ပြင်ပကန်ထရိုက်တာများအားလုံးအနေဖြင့် ဤမူဝါဒအကြောင်း သိရှိကြောင်း၊ နားလည်ကြောင်း၊ ၎င်းတို့၏လုပ်ငန်း တာဝန်နယ်ပယ်တွင် လက်တွေ့အကောင်အထည်ဖော်ကြောင်း သေချာစေရန် လုပ်ဆောင်နေပါသည်။ ပုံမှန်ပြောဆိုဆက်ဆံမှုနှင့်အတူ မန်နေဂျာများနှင့် ဝန်ထမ်းများသည် ၎င်းတို့၏ နေ့စဉ်အလုပ်များတွင် ဤမူဝါဒ အကောင်အထည်ဖော်ပုံနှင့်ပတ်သက်သည့် သက်ဆိုင်ရာသင်တန်းများကို လက်ခံရရှိမည်ဖြစ်သည်။

ကျွန်ုပ်တို့၏အခြား အထူးကုမ္ပဏီမူဝါဒများ ဖြစ်ကြသည့် Code of Business Conduct and Ethics (စီးပွားရေး ကျင့်ဝတ်နှင့် စည်းကမ်းများ)၊ Anti-Corruption Policy (အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးမူဝါဒ)၊ Supplier Code of Conduct (ရောင်းချပေးသွင်းသူဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ)အပြင် ဝန်ထမ်းမကျေနပ်ချက်များ ရှိလာသည့်အခါ လိုက်နာရမည့် စက်ရုံအဆင့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အတူ ဤမူဝါဒကို ဝန်ထမ်းများသိစေရန် ကောင်းစွာထုတ်ပြန်ထား ကြောင်း သေချာစွာလုပ်ဆောင်ပါမည်။ ဤမူဝါဒများအားလုံးသည် ဤလူ့အခွင့်အရေးမူဝါဒတွင် ဖော်ပြထားသော ယေဘုယျအခြေခံမှုများနှင့် ကိုက်ညီပါသည်။

အထက်ပါအချက်များအားလုံးသည် ဝန်ထမ်းများအတွက် အခွင့်အရေးများနှင့် တာဝန်ခံမှုများကို ဆိုလိုပါသည်။ ဝန်ထမ်းတစ်ဦးသည် ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်မှု သို့မဟုတ် ထောက်ပံ့ရေးကွင်းဆက်အတွင်း လူ့အခွင့် အရေးချိုးဖောက်မှုများကို သတိပြုမိပါက၊ ၎င်းအားတိုင်ကြားရန် နည်းလမ်းသုံးမျိုးရှိသည်- လက်စားချေခြင်း သို့မဟုတ် လျှို့ဝှက်ချက်ပေါက်ကြားမည်ကို မကြောက်ဘဲ (၁) ကြီးကြပ်ရေးမှူးထံ (၂) စက်ရုံမန်နေဂျာ သို့မဟုတ် အလားတူ အရာရှိ ပုဂ္ဂိုလ်ထံ သို့မဟုတ် (၃) ဌာနခွဲလိုက်နာရေး အရာရှိနှင့်တကွ လုပ်ငန်းဆိုင်ရာ ဝန်ထမ်းရေးရာဌာန ဒါရိုက်တာထံသို့ တိုင်ကြားနိုင်ပါသည်။

ဝန်ထမ်းတစ်ဦးသည် အထက်တွင်ဖော်ပြထားသည့်အတိုင်း ချိုးဖောက်မှုဖြစ်နိုင်ချေရှိမှုကို အသိပေးတိုင်ကြားရန် တစ်နည်းနည်းဖြင့် ချီတုံချတုံခံစားရပါက သူ/သူမအနေဖြင့် CROWN ၏ Whistleblowing and Business Ethics Hotline Policy (သတင်းပေးခြင်းနှင့် လုပ်ငန်း ကျင့်ဝတ်ဆိုင်ရာ အရေးပေါ်ဆက်သွယ်ရေး/ဟော့လိုင်းမူဝါဒ) တွင် ဖော်ပြထားသည့် အတိုင်း CROWN ၏ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်လိုင်း (“CBE Line”) သို့ ၎င်းကို တိုင်ကြားနိုင်သည်။ CROWN ရောင်းချပေးသွင်းသူများ၊ ပြင်ပမှ ကန်ထရိုက်တာများ သို့မဟုတ် ဖောက်သည်များကဲ့သို့သော ဒေသတွင်း အသိုင်းအဝိုင်းများ သို့မဟုတ် ပြင်ပစီးပွားရေး လုပ်ဖော်ကိုင်ဖက်များသည်လည်း ဖြစ်နိုင်ချေရှိသော ချိုးဖောက်မှုများကို CBE Line သို့ သတင်းပို့နိုင်ပါသည်။





## မူဝါဒ ချိုးဖောက်ခြင်း၏ အကျိုးဆက်များ

CROWN သည် ဤမူဝါဒကို ချိုးဖောက်သော ဝန်ထမ်းများ၊ ပြင်ပကန်ထရိုက်တာများ၊ ရောင်းချပေးသွင်းသူများ၊ ဝယ်ယူသူများ သို့မဟုတ် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအားလုံးကို သင့်လျော်သော အရေးယူမှု ပြုလုပ်ပါမည်။

CROWN ဝန်ထမ်းများမှ ဤမူဝါဒကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အလုပ်မှရပ်စဲခြင်းအထိ စည်းကမ်း ပိုင်းဆိုင်ရာ အရေးယူခံရမည်ဖြစ်ပြီး ဥပဒေအရ သတ်မှတ်ထားသော အခြားအကျိုးဆက်များအထိ အရေးယူခြင်းများဖြစ်နိုင်သည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ဤနေရာတွင် ၎င်းတို့၏ တာဝန်ဝတ္တရားများကို လေးစားလိုက်နာရန် ပျက်ကွက်ပါက CROWN သည် စာချုပ်ဆိုင်ရာ ဆက်ဆံရေးများကို ရပ်ဆိုင်းသွားနိုင်သလို CROWN တည်နေရာများမှ အချို့သော ပုဂ္ဂိုလ်များကို ဖယ်ရှားရန် တောင်းဆိုနိုင်သည် သို့မဟုတ် အခြားသော စာချုပ်ဆိုင်ရာ အခွင့်အရေးများကို ဖြည့်စွက်တောင်းဆိုနိုင်ပါသည်။ ဤမူဝါဒကို ချိုးဖောက်ကြောင်း စွပ်စွဲခြင်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုတိုင်းကို ဘက်မလိုက်ဘဲကြားနေသော၊ ပွင့်လင်းမြင်သာပြီး မျှတသော လုပ်ထုံးဖြင့် လုပ်ဆောင်မည်ဖြစ်ပြီး ဒေသဆိုင်ရာ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများအားလုံးကို လိုက်နာမည်ဖြစ်သည်။ CROWN သည် ဤမူဝါဒကို ဖောက်ဖျက်ကြောင်း စိတ်ရင်းမှန်ဖြင့် အသိပေး တိုင်ကြားသူတိုင်းအား လက်တုံ့ပြန်ခြင်း သို့မဟုတ် လက်စားချေခြင်းများ ပြုလုပ်သည် ကို သည်းခံမည်မဟုတ်ပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စောင့်ကြည့်ခြင်း

CROWN သည် မူဝါဒကို အချိန်နှင့်တပြေးညီ ပြန်လည်သုံးသပ်ပြီး ၎င်း၏ ထိရောက်မှုကို မြှင့်တင်ရန် ကြိုးပမ်းရာတွင် ဥပဒေပြဌာန်းမှုနှင့် အကောင်းဆုံး အလေ့အကျင့်များဆိုင်ရာ အပြောင်းအလဲများကို တုံ့ပြန်ရန် ၎င်းအား ပြင်ဆင်ဖြည့်စွက်သွားမည်ဖြစ်သည်။

ပြန်လည်သုံးသပ်ချက်တွင် CROWN ၏ Chief Operating Officer (လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်) နှင့် တိုင်ပင်လျက် ဝန်ထမ်းရေးရာ၊ ဥပဒေရေးရာနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနတို့ရှိ CROWN ၏ အကြီးတန်းမန်နေဂျာအများစု၏ ပါဝင်ဆောင်ရွက်မှုတို့ ပါဝင်သည်။

ဤမူဝါဒကို CROWN လုပ်ငန်းများတည်ရှိရာ နိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံအလိုက် အသုံးပြုနေသည့် ဘာသာစကား အားလုံးဖြင့် ရရှိနိုင်ပါသည်။

**Timothy J. Donahue**

Chairman of the Board, President and Chief Executive Officer

ဘုတ်အဖွဲ့သဘာပတိ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

CROWN
Brand-Building Packaging™




